PRODUCT-5

KONGOU . . LACQUER SEALER (NC)

ဂုဏ်သတ္တိများ

Nitrocellulose (NC) နည်းပညာကို အခြေခံ၍ ထုတ်လုပ်ထားသောသစ်သားသုတ် အောက်ခံဆေး အမျိုးအစား ဖြစ်ပါသည်။ SANDING POWER ကောင်းမွန်၍ ကော်ပတ်စားရ လွယ်ကူပေါ့ပါးသည်။ သစ်များတွင်ရှိသော အနာအဆာများကို WOOD PUTTY နှင့် FILLER ဖြည့်ပြီး NC SEALER အသုံးပြုခဲ့ပါက အပြစ်အနာ အဆာများပျောက်ပြီး ချောမွတ်သော သစ်ချောသားများကိုရရှိနိုင်ပါသည်။ သစ်သားများမှ ထွက်ရှိသော အစိုဓာတ် နှင့် သစ်စေးများကို KONGOU SEALER သုံး၍ တားဆီးနိုင်ပါသည်။ မြင့်မားသောအပူချိန်များကို ခံနိုင်ရည် ရှိပါသည်။ ခြောက်သွေ့မှု မြန်ဆန်ပါသည်။ ဆေးသားကြည်လင်၍ ၎င်းအပေါ်တွင် အသုံးပြုမည့် TOP COAT ဆေး၏ ကုတ်အားကို ခံနိုင်ရည်ရှိပြီး မာကြောကျစ်လစ်သည်။

အသုံးပြုရန်အညွှန်း

အသုံးမပြုမီ သစ်သားမျက်နှာပြင်ကို သန့်ရှင်းခြောက်သွေ့အောင် ထားရပါမည်။ အမှုန့် နှင့် ဆီချေးများ ကင်းစင်နေရပါမည်။ PUTTY / FILLER သုတ်ထားသော မျက်နှာပြင်အား (၂) နာရီ အကြာတွင် ကော်ပတ်စား၍ သန့်ရှင်းမှုပြုလုပ်ပြီး KONGOU SEALER ကို SPRAY (OR) BRUSH ဖြင့် အသုံးပြုနိုင်ပါသည်။

- ဆေးဖျော်စပ်ရန်အချိုး SEALER : THINNER # 500
  100 : 50~100%
- အသုံးပြုနိုင်သောအကျယ်အဝန်းမှာ 80-100 g/m^2
- ပုံမှန်ခြောက်သွေ့ရန်ကြာချိန်မှာ (၁ မိနစ် မှ ၅ မိနစ်) အတွင်းဖြစ်ပြီး (၄) နာရီ နှင့်အထက် စောင့်၍ကော်ပတ်နံပါတ် (320-400) ဖြင့် ကော်ပတ်တိုက်ပြီးမှသာ Kongou Sealer 2nd Coat အား သုတ်သင့်ပါသည် ။ (ခြောက်သွေ့ချိန်သည် ရာသီဥတု အမျိုးအစားပေါ်တွင်လည်း မူတည် ပါ သည်။)
- ဆေးဖျော်စပ်ပေးပြီးသားဆေးများကို (၂) နာရီ မှ (၂) နာရီခွဲ အတွင်းသုံးစွဲရပါမည်။

သတိပြုရန်အချက်များ

- ➢ ဆေးကို အသုံးမပြုမီ ဆေးဘူးကို လှုပ်ခါရပါမည် ၊ မွှေတံဖြင့် နံ့စပ်အောင်မွှေပြီးမှသာ အသုံးပြုရပါမည်။
- ➢ ဆေးဘူးကို မှောင်၍အေးသောနေရာတွင် သိမ်းဆည်းရပါမည်။ နေရောင်ခြည်နှင့် တိုက်ရိုက် ထိတွေ့မှုမရှိအောင် ထားရပါမည်။
- ➢ အသုံးပြုပြီးသော ဆေးပုံးများကို သေချာစွာအလုံပိတ်ပြီးမှ သိမ်းဆည်းသင့်ပါသည်။ အဖုံးမလုံပါက လေနှင့်အလွယ်တကူဓာတ်ပြုသွားပြီး ဆေးအာနိသင် ပျက်စီးသွားနိုင်ပါသည်။
- ➢ အလွန်ပူပြင်းခြောက်သွေ့သော ရာသီဥတုမျိုးတွင် KONGOU SEALER အားအသုံးပြုမည်ဆိုပါက KONGOU SEALER + THINNER # 500 တို့ ရောစပ်ထားသော ပုံမှန် ရောစပ်မှုအချိုး အဆတွင် SMILE UP THINER # 100 အား 1~5 % ထည့်သွင်းအသုံးပြုခြင်းဖြင့် ပူပြင်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆေးသား ကွဲအက်မှုအား ကာကွယ်နိုင်ပါသည်။